ရခိုင်အမျိုးသမီးများအစည်းအရုံး
Rakhaing Women Union (H.Q)
2/21, Pallabi, Mirpur, Dhaka-1216, Bangladesh
Tel & Fax - 880-2-9013435, E-mail: rwu2002@aitlbd.net

Ref :                                                            Date : ............................

# ပြန်လည်ကျင်းပနေသည့် နအဖ အမျိုးသားညီလာခံအပေါ် သဘောထားထုတ်ပြန်ချက်။

နိုင်ငံတော်အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးဟူသော ကြွေးကြော်သံများကို ဖေါ်ဆောင်ကာ နအဖအစိုးရသည် ၁၉၉၃ ခု ဇန္နဝါရီလ (၉) ရက်နေ့မှ စ၍ ကျင်းပခဲ့သော ၎င်းတို့၏အတုအယောင် အမျိုးသားညီလာခံကို ဤနေ့ ဖေဖေါ်ဝါရီလ (၁၇) နေ့တွင် ပြန်လည်စတင် ကျင်းပလျှက်ရှိနေသည်။

ယခုဆက်လက် ကျင်းပနေသော အမျိုးသားညီလာခံသို့ ပြည်သူလူထုမှ အမှန်တကယ်ရွေးချယ်စေလွှတ်လိုက်သော ပြည်သူ့ ကိုယ်စားလှယ်များ တစုံတဦးမျှ တက်ရောက်ခွင့်မရဘဲ စစ်အာဏာရှင်များ စိတ်တိုင်းကျရွေးချယ်ခေါ်ယူတက်ရောက်ခွင့်ပြုထားသာ အတု အယောင်ကိုယ်စားလှယ်သက်သက်ဖြင့်သာ ကျင်းပနေသောညီလာခံဖြစ်၍ ထိုညီလာခံမှ ထွက်ပေါ်လာမည့် ရလဒ်များသည် ပြည်သူလူထု တရပ်လုံး နှစ်ပေါင်းများစွာ အလူးအလဲခံစားနေရသော နိုင်ငံရေးအကျပ်အတည်း၊ စီးပွါးရေးအကျပ်အတည်းဟူသမျှတို့ကို တစုံတရာ ဖြေရှင်းနိုင်မည် မဟုတ်သည့်အပြင် စစ်အာဏာရှင်စနစ် ဆက်လက်သက်ဆိုးရှည်ပြီး ပြည်သူလူထုတရပ်လုံးအတွက် များစွာသော အခက် အခဲများကိုသာ ရင်ဆိုင်လာရနိုင်ပေသည်။

၎င်းတို့ ဆက်လက်အကောင်အထည်ဖေါ်ရန်ကြိုးစားနေသော ဦးတည်ချက် (၆)ရပ်၊ အခြေခံမူ (၁၀၄)ချက်တို့မှာလည်း တိုင်းရင်း သား ပြည်သူလူထုတရပ်လုံး လိုလားတောင့်တနေကြသော အမျိုးသားပြန်လည်သင့်မြတ်ရေး၊ စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု နိုင်ငံ တော်တည်ဆောက်ရေးတို့အတွက် ကြောက်မက်ဖွယ်ရာ အန္တရာယ်ပြုနေသည့်အပြင် နိုင်ငံတော်အား ချောက်ကမ်းပါးသို့ ပိုမိုတွန်းပို့နေ သည့် လက္ခဏာကို လုံးဝဖေါ်ဆောင်နေပေသည်။

အကယ်၍ နအဖအနေနှင့် နိုင်ငံတော်တည်ငြိမ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို မှန်ကန်စွာ အကောင်အထည်ဖေါ်လို ပါက ၁၉၉၀–ခု ရွေးကောက်ပွဲရလာဘ်ကို အသိအမှတ်ပြုလက်ခံကာ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ပြည်သူလူ ထုမှ တရားဝင်ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ အမျိုးသမီး ခေါင်းဆောင်များ၊ လူငယ်ခေါင်းဆောင်များကို တက်ရောက်ခွင့်ရစေရန် တရားနည်းလမ်းကျကျလမ်းဖွင့်ပေးပြီး ၎င်းတို့၏ ဆွေးနွေးတင်ပြမှု များကို စေတနာရိုးရိုးဖြင့် လက်ခံအကောင်အထည်ဖေါ်ခြင်းဖြင့်သာလျှင် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ အမျိုး သားပြန်လည်သင့်မြတ်ရေး ကဏ္ဍများကို ထိရောက်စွာအကောင်အထည်ဖေါ် ဆောင်ရွက်လာနိုင်မည်ဟု မိမိတို့မှ အတိအလင်း ယုံကြည် သည်။

သို့ဖြစ်၍ စစ်အာဏာရှင်စနစ် ဆက်လက်တည်မြဲရေး ဦးတည်ချက် သက်သက်ဖြင့် အတုအယောင် အမျိုးသားညီလာခံကျင်းပ နေသော နအဖ အစိုးရအား မိမိတို့ ရခိုင်အမျိုးသမီးများအစည်းအရုံးမှ ပြင်းထန်စွာရှုတ်ချ ကန့်ကွက်လိုက်သည်။ တဆက်တည်းတွင် မတရားသောလုပ်ရပ်များကို နှစ်ပေါင်းရှည်လျားစွာ ကျူးလွန်ရင်းကျူးမြဲရှိနေသော နအဖ စစ်အာဏာရှင်များအား ဖိအားပေးတိုက်ပွဲဝင်ကြ ပါရန် တိုက်တွန်းနှိုးဆော်အပ်ပေသည်။

ရက်စွဲ – ၁၇ . ၂ . ၂၀၀၅

ပြန်ကြားရေး□ာန
ရခိုင်အမျိုးသမီးများအစည်းအရုံး
ရခိုင်ပြည်

ယာယီဆက်သွယ်ရန် – ၆၆ – ၁၂၈၉၁၁၈၆